**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊**
**ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန**

စာအမှတ်- ၄၈၃၂/ ရကတ/ ကုသ/ပုဂ္ဂလိက
ရက်စွဲ- ၂၀၂၂ ခုနှစ်၊ ဇွန်လ ( ၁၅ ) ရက်

သို့

---------------------------------

---------------------------------

အကြောင်းအရာ။ သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေသော လူနာ အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ပါရန် အကြောင်းကြားခြင်းကိစ္စ။

ရည်ညွှန်းချက်။ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏ (၁၄.၆.၂၀၂၂) ရက်စွဲပါ စာအမှတ် ၄၈၁၅/ ရကတန / ရပကန/သွေးတုပ်

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပက်သက်၍ ၂၀၂၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့ဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးရုံအချို့မှ ရရှိသော စာရင်းများအရ သွေးလွန်တုပ်ကွေးရောဂါဖြင့်ဆေးရုံတက်ကုသသူပေါင်း (၂၂၁၆)ဦး ၊ သေဆုံးသူ(၁၆)ဦး ရှိခဲ့ပါသည်။ ၎င်းသေဆုံးသူများအနက်မှ ၉ ဦး (၅၆%) သည်စတင်ဖျားသောရက်မှာပင် ဆေးကုသမှုခံယူခဲ့ပြီး ၁၃ဦး (၆၃%)သည် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင်ဦးစွာပြသခဲ့သောရာဇဝင် ရှိကြောင်းတွေ့ခဲ့ရပါသည်။

၂။ သို့ဖြစ်ပါ၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်မှ သွေးလွန်တုပ်ကွေးရောဂါ သတင်းအချက်အလက်များအားအချိန်နှင့်တပြေးညီစောင့်ကြပ်ကြည့်ရှုသုံးသပ်၍ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ပြင်ပပုဂ္ဂလိကဆေးရုံ/ဆေးခန်းများ အနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/သေဆုံးမှု စာရင်းအားနေ့စဉ် (စနေနေ့၊တနင်္ဂနွေနေ့ အစိုးရရုံးပိတ် ရက်များအပါအဝင်) နံနက်(၁၀:၃၀) အချိန်နောက်ဆုံးထားတွင် ပူးတွဲပါ မြို့နယ်သွေးလွန်တုပ်ကွေး ရောဂါသတင်းတာဝန်ခံများထံသို့ ဖုန်း / Viber တို့ဖြင့် သတင်းပေးပို့နိုင်ပါရန် အကြောင်းကြားအပ် ပါသည်။